# အဆင့်သတ်မှတ် ရွေးချယ်၍ မဲပေးခြင်း အချက်အလက်များ

## အဆင့်သတ်မှတ် ရွေးချယ်၍ မဲပေးခြင်းဆိုသည်မှာ အဘယ်နည်း။

မဲပေးခြင်း (RCV) သည် ဆန္ဒမဲပေးသူများအား ကိုယ်စားလှယ်လောင်းများကို နှစ်သက်မှု အစီအစဉ် (ပထမရွေးချယ်မှု၊ ဒုတိယရွေးချယ်မှု၊ တတိယရွေးချယ်မှု စသည်ဖြင့်) အတိုင်း အဆင့်သတ်မှတ်ခွင့်ပေးသည့် ရွေးချယ်တင်မြှောက်မှု နည်းလမ်းတစ်ခု ဖြစ်သည်။ ကိုယ်စားလှယ်လောင်းများကို အဆင့်သတ်မှတ်ခြင်းသည် ကိုယ်စားလှယ်လောင်းတစ်ဦးကို ရွေးချယ်ရုံမျှသာ ရွေးချယ်ခြင်းနှင့် မတူပါ သို့မဟုတ် မဲများများရသူက အရွေးခံရခြင်းဟု သိကြသည့်နည်းလမ်းတို့နှင့် မတူပါ။ အခြား ရွေးကောက်ပွဲကဲ့သို့ပင် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ပထမဆုံး ရွေးချယ်မှုအများစု၏ 50% ထက်ပို၍ ရရှိပါက အဆိုပါ ကိုယ်စားလှယ်လောင်း အနိုင်ရပါသည်။ သို့သော် ပထမဆုံး ရွေးချယ်မှုများကို ရေတွက်ပြီးနောက် မဲအများစုဖြင့် အနိုင်ရသူ မရှိပါက ယှဉ်ပြိုင်မှုကို လက်ငင်းတကျော့ပြန်မဲပေးစနစ်ဖြင့် ဆုံးဖြတ်ပါသည်။ မဲအနည်းဆုံးရသည့် ကိုယ်စားလှယ်လောင်းသည် ဖယ်ထုတ်ခံရပြီး အဆိုပါ ကိုယ်စားလှယ်လောင်းကို ပထမရွေးချယ်မှုအဖြစ် အဆင့်သတ်မှတ်ခဲ့သည့် ဆန္ဒမဲပေးသူများ၏ ဆန္ဒမဲများကို ၎င်းတို့၏ ရွေးချယ်မှု နောက်တစ်ခုတွင် ထည့်သွင်းရေတွက်သွားပါမည်။ ကိုယ်စားလှယ်လောင်းက ဆန္ဒမဲ၏ 50% ကျော်ဖြင့် အနိုင်မရမချင်း ဤလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်ပါသည်။

မဲများကို အလှည့်များဖြင့် မည်သို့ရေတွက်ကြောင်း ကြည့်ရှုရန် [NYC မဲများ](#)သို့ ဝင်ကြည့်ပါ။

## အဆင့်သတ်မှတ် ရွေးချယ်၍ မဲပေးခြင်းကို အဘယ်ကြောင့် အသုံးပြုနေရပါသလဲ။

2021 မတ်လတွင် ဘာလင်တန် ဒေသခံများသည် မြို့တော်အုပ်ချုပ်ရေးအဖွဲ့ဝင်များအတွက် အဆင့်သတ်မှတ် ရွေးချယ်၍ မဲပေးခြင်းကို အကောင်အထည်ဖော်ရန် ဆန္ဒပြုခဲ့ကြသည်။ ထိုဆန္ဒပြုမှုက ထောက်ခံချက် 64% ဖြင့် အတည်ပြုချက်ရရှိခဲ့ပါသည်။

## မည်သည့် ရွေးကောက်ပွဲများက အဆင့်သတ်မှတ် ရွေးချယ်၍ မဲပေးခြင်းကို အသုံးပြုမည်နည်း။

ဘာလင်တန်သည် မြို့တော်အုပ်ချုပ်ရေးအဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်သောအခါ အဆင့်သတ်မှတ် ရွေးချယ်၍ မဲပေးခြင်းကိုသာ အသုံးပြုပါမည်။

## ကျွန်ုပ်၏ မဲပေးလွှာကို မည်ကဲ့သို့ ရေးမှတ်ရမည်နည်း။

အဆင့်သတ်မှတ် ရွေးချယ်၍ မဲပေးခြင်းဖြင့် မဲပေးသူများသည် ၎င်းတို့၏ မဲပေးလွှာများကို ပထမရွေးချယ်မှု၊ ဒုတိယ ရွေးချယ်မှု၊ တတိယရွေးချယ်မှုစသည့် မိမိနှစ်သက်သာ အစီအစဉ်ဖြင့် ရေးမှတ်ရပါသည်။

1. ပထမရွေးချယ်မှု ကော်လံရှိ ကိုယ်စားလှယ်လောင်း၏ အမည်ဘေး ဘဲဥပုံထဲတွင် အပြည့်ခြစ်လိုက်ခြင်းဖြင့် ပထမရွေးချယ်မှု ကိုယ်စားလှယ်လောင်းတစ်ဦးကို ရွေးချယ်ပါ။

2. သင့်တွင် ဒုတိယရွေးချယ်မှု ကိုယ်စားလှယ်လောင်းတစ်ဦး ရှိပါက ဒုတိယရွေးချယ်မှု ကော်လံရှိ ကိုယ်စားလှယ်လောင်း၏ အမည်ဘေးတွင် ဘဲဥပုံကို အပြည့်ခြစ်လိုက်ပါ။

3. သင့်တွင် တတိယရွေးချယ်မှု ကိုယ်စားလှယ်လောင်းတစ်ဦး ရှိပါက တတိယရွေးချယ်မှု ကော်လံရှိ ကိုယ်စားလှယ်လောင်း၏ အမည်ဘေးတွင် ဘဲဥပုံကို အပြည့်ခြစ်လိုက်ပါ။

ရင်းမြစ်- *အဆင့်သတ်မှတ် ရွေးချယ်၍ မဲပေးခြင်း ရင်းမြစ်စင်တာ၊* https://www.rcvresources.org/။

4. သင်ရွေးချယ်မဲပေးနိုင်သောအဆင့်များ သို့မဟုတ် ကိုယ်စားလှယ်လောင်းများ မကုန်မချင်း ကိုယ်စားလှယ်လောင်းများကို ဆက်လက်၍ အဆင့်သတ်မှတ်နိုင်ပါသည်။

**အဆင့်သတ်မှတ် ရွေးချယ်၍ မဲပေးခြင်း မဲပေးလွှာကို မှန်ကန်စွာ ရေးမှတ်ခြင်းဆိုင်ရာ အရေးကြီးအချက်များ-**

- ကော်လံတစ်ခုတွင် ရွေးချယ်မှုတစ်ခုသာ ရေးမှတ်ပေးပါ။
- ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ရွေးချယ်မှုတစ်ခုသာ ရေးမှတ်ပေးပါ။
- အဆင့်သတ်မှတ်ချက်များ ကျော်မသွားပါနှင့်။ ဥပမာ- ဒုတိယရွေးချယ်မှုကို မဖြည့်စွက်ဘဲ ပထမနှင့် တတိယ ရွေးချယ်မှုများကို မဖြည့်ပါနှင့်။
- သင်ဆန္ဒရှိသလို ကိုယ်စားလှယ်လောင်း အနည်းငယ်သာ အဆင့်သတ်မှတ်နိုင်သည်။
- ခွင့်ပြုထားသည့်အတိုင်း ကိုယ်စားလှယ်လောင်း အများအပြားကို သင်အဆင့်သတ်မှတ်နိုင်သည်။
- **ဥပမာ 1-**

**မှန်ကန်စွာ ရေးမှတ်ထားသည့် မဲပေးလွှာဖြစ်သည်၊ ဤမဲပေးလွှာပေါ်တွင် မဲပေးသူက ပထမ၊ ဒုတိယနှင့် တတိယ ရွေးချယ်မှုတို့ကို ဖော်ပြထားသည်။**

| **ကိုယ်စားလှယ်လောင်းများ** | **ပထမ** ရွေးချယ်မှု | **ဒုတိယ** ရွေးချယ်မှု | **တတိယ ရွေးချယ်မှု** |
|---|---|---|---|
| စတော်ဘယ်ရီ | ○ | ○ | ● |
| ချောကလက် | ● | ○ | ○ |
| သစ်ခွ | ○ | ● | ○ |

**ဥပမာ 2-**

**ဒုတိယ အဆင့်သတ်မှတ်ချက်တွင် မဲပိုနေသည်။ ပထမရွေးချယ်မှုကို မှန်ကန်စွာ ရေးမှတ်ထားသော်လည်း ဒုတိယရွေးချယ်မှုအတွက် ကိုယ်စားလှယ်လောင်းနှစ်ဦး ဖြစ်နေပြီး တတိယရွေးချယ်မှုကို ရေးမှတ်မထားပါ။**

မဲပေးသူ၏ မဲပေးလွှာကို ရေတွက်မည့်နည်းလမ်း-

- ပထမရွေးချယ်မှုကို ရေတွက်ပါမည်။
- ဒုတိယရွေးချယ်မှုကို ထည့်မတွက်ပါ။ ဤကော်လံသည် မဲပိုနေသောကြောင့် မဲပေးသူ၏ ရည်ရွယ်ချက်ကို မဆုံးဖြတ်နိုင်ပါ။

| **ကိုယ်စားလှယ်လောင်းများ** | **ပထမ** ရွေးချယ်မှု | **ဒုတိယ** ရွေးချယ်မှု | **တတိယ ရွေးချယ်မှု** |
|---|---|---|---|
| စတော်ဘယ်ရီ | ● | ○ | ○ |
| ချောကလက် | ○ | ● | ○ |
| သစ်ခွ | ○ | ● | ○ |

**ဥပမာ 3-**

ရင်းမြစ်- *အဆင့်သတ်မှတ် ရွေးချယ်၍ မဲပေးခြင်း ရင်းမြစ်စင်တာ၊* https://www.rcvresources.org/။

**ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကို ပထမ၊ ဒုတိယနှင့် တတိယ ရွေးချယ်မှုများအဖြစ် ရေးမှတ်ထား၍ အဆင့်သတ်မှတ်ချက်ထပ်နေပါသည်။**

မဲပေးသူ၏ မဲပေးလွှာကို ရေတွက်မည့်နည်းလမ်း-

- ပထမရွေးချယ်မှုကို ရေတွက်ပါမည်။
- ပထမရွေးချယ်မှု ကိုယ်စားလှယ်လောင်း ဖယ်ထုတ်ခံရလျှင် ဒုတိယနှင့် တတိယ ရွေးချယ်မှုများမှာ ထပ်နေသောကြောင့် ၎င်းတို့ကို ထည့်သွင်းစဉ်းစားမရနိုင်ပါ။

| **ကိုယ်စားလှယ်လောင်းများ** | **ပထမ** ရွေးချယ်မှု | **ဒုတိယ** ရွေးချယ်မှု | **တတိယ ရွေးချယ်မှု** |
|---|---|---|---|
| စတော်ဘယ်ရီ | ● | ● | ● |
| ချောကလက် | ○ | ○ | ○ |
| သစ်ခွ | ○ | ○ | ○ |

ရင်းမြစ်- *အဆင့်သတ်မှတ် ရွေးချယ်၍ မဲပေးခြင်း ရင်းမြစ်စင်တာ၊* https://www.rcvresources.org/။